# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေထိန်းတံခါးများနှင့် မြေထိန်းနံရံဖွင့်ပွဲ ကျင်းပ

**ပုသိမ် မတ် ၁၈**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေထိန်းတံခါးများနှင့် မြေထိန်းနံရံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်-ရှောပြာ-ချောင်းသာကားလမ်း(တဲကြီးကုန်း)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေထိန်းတံခါးများနှင့် မြေထိန်းနံရံဖွင့်ပွဲမှတ်တိုင်ဦးကို တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရေထိန်းတံခါးများကို ဆက်လက်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များပက်ဖျန်း၍ ရေထိန်းတံခါးများနှင့် မြေထိန်းနံရံအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် "ရိုးသားကြိုးစား ဧရာဝတီသား" ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်းဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်- ရှောပြာ-ချောင်းသာလမ်း ပုသိမ်မြို့တွင်းအပိုင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုသိမ်မြို့နယ် ကြခတ်ချောင်ကျေးရွာ၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာ သိပ္ပံ(ပုသိမ်) သုံးထပ်သင်တန်းသားဆောင် (၁၃၆ပေ x ၄၄ ပေ)ဖွင့်ပွဲသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ဖွင့်လှစ်ပေးပြီး သုံးထပ်သင်တန်းသားဆောင်အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်)မိုးလုံလေလုံ အားကစားရုံတွင် နွေရာသီအခြေခံ အားကစားသင်တန်းဖွင့်လှစ်သင်ကြားနေမှုများကို ဆက်လက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များသည် ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာ Ayeyarwaddy Fisheries Limited ၏ ငါးမွေးကန်အား သွားရောက်ကြည့်ရှုပြီး (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားအတွက် ပြသရန်စိုက်ပျိုးခဲ့သော အိန္ဒိယနေကြာမျိုး (Suryakiran) ဆီထွက်သီးနှံနေကြာစံကွက်ရိတ်သိမ်းပွဲသို့တက်ရောက်၍ တောင်သူများနှင့် တွေ့ဆုံကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျင်းစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးခြင်းမှ ရိတ်သိမ်းသည့်နေကြာပွင့်များ၊ နေကြာစိုက်ခင်းမှ ရိတ်သိမ်းသည့် နေကြာပွင့်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရှိ ပျားကျွမ်းကျင်ဝန်ထမ်းများက နေကြာစိုက်ခင်းများတွင် ဝတ်မှုန်ကူးဝန်ဆောင်မှုဆောင်ရွက်ရန် ချထားသည့် ပျားပုံးများရှိ ပျားသလက်များမှ ပျားရည်စုဆောင်းရရှိမှုနှင့် လက်တွေ့ပျားရည်ထုတ်ယူပြသမှုများ၊ နေကြာစံကွက် ရိတ်သိမ်းခြင်းမှ ရရှိသည့်နေကြာပွင့်များအား အစေ့ခြွေခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အစိုးရနည်းပညာအထက်တန်းကျောင်း (ပုသိမ်) ၌ မြို့ပြပုံဆွဲ ဘာသာရပ်၊ အခြေခံပရိဂရမ် မိတ်ဆက်ဘာသာရပ်နှင့် စက်မှုပုံဆွဲ ဘာသာရပ်ဖြေဆိုနေမှုများကိုကြည့်ရှုအားပေးပြီး ရန်ကုန်-ပုသိမ်လမ်းမိုင် (၅၆/၀-၆၃/၀)အတွင်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ မိုင် (၅၈/၁-၅၈/၂)အတွင်း လက်ဝဲဘက်ခြမ်းမျက်နှာပြင်လွှာကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ မိုင်(၅၈/၆-၅၈/၇)အတွင်း လက်ယာဘက်ခြမ်းမျက်နှာပြင်လွှာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် မိုင်(၆၁/၁-၆၁/၂)အတွင်း လက်ယာဘက်ခြမ်း မျက်နှာပြင်လွှာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ ဆောင်းဆီထွက်သီးနှံ (မြေပဲ)စိုက်ခင်းအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ကန်ကြီးထောင့် မတ် ၁၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက မတ် ၁၆ ရက်ညနေပိုင်းတွင် ကန်ကြီးထောင့်မြို့နယ် မဂူကျွန်းကျေးရွာရှိ ခရမ်းပြာ စိုက်/ထွေသမဝါယမအသင်းမှ အသင်းသားတောင်သူများ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆောင်းဆီထွက်သီးနှံ (မြေပဲ)စိုက်ပျိုးထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးနှင့် တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများက ကန်ကြီးထောင့်မြို့နယ် ကန်တော်ကျေးရွာ ခရမ်းပြာ စိုက်/ထွေသမဝါယမအသင်းမှ အသင်းသား ဦးဉာဏ်ဝင်း၏ လယ်မြေသုံးဧကတွင် ဆီထွက်သီးနှံ (မြေပဲ) SP-121 မျိုး စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ခရမ်းပြာစိုက်/ထွေသမဝါယမအသင်းအနေဖြင့် ဆောင်းဆီထွက်သီးနှံ(မြေပဲ)ကို အသင်းသား ၁၈ ဦးက ဧက ၅၀ စိုက်ပျိုးထားရှိပြီး တစ်ဧကလျှင် ကျပ်လေးသိန်းနှုန်းနှင့် ညီမျှသော မျိုးနှင့် သွင်းအားစုများ ပံ့ပိုးထားရှိကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**



☆ စာမျက်နှာ ၁၁ မှ

- သစ်တောများသည် ကမ္ဘာ့စီးပွားရေးကို မောင်းနှင်ပေးလျက်ရှိပြီး ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာ၏ အလုပ်အကိုင်များကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊
- အမေရိကန်ဒေါ်လာ ၄၄ ထရီလီယံခန့် တန်ဖိုးရှိသော စီးပွားရေးလုပ်ငန်းများသည် သစ်တောများအပါအဝင် သဘာဝဂေဟစနစ်များအပေါ် အားထားဆောင်ရွက်နေကြောင်း၊
- ကမ္ဘာ့လူဦးရေ ၁ ဒသမ ၆ ဘီလီယံခန့်သည် အစားအစာ၊ ခိုလှုံစရာ၊ စွမ်းအင်၊ ဆေးဝါးများနှင့် ဝင်ငွေအတွက် သစ်တောများအပေါ် တိုက်ရိုက်မှီခိုလျက်ရှိပြီး လူဦးရေ ၃၃ သန်းအတွက် အလုပ်အကိုင် ဖန်တီးပေးလျက်ရှိကြောင်း၊
- လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း နှစ်စဉ်သစ်ထုတ်လုပ်မှုပမာဏမှာ ခန့်မှန်းအားဖြင့် ကုဗမီတာ လေးဘီလီယံခန့်ရှိကြောင်းနှင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် စက်မှုလုပ်ငန်းသုံး သစ်လုံး ကုဗမီတာ တစ်ဘီလီယံခန့် ထပ်မံလိုအပ်လာနိုင်ကြောင်း၊
- ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၅ ဒသမ ၈ ဘီလီယံခန့်သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အရေးပါသော အရင်းအမြစ်အဖြစ် အသုံးပြုလျက်ရှိကြောင်း၊
- အစားအစာများ၊ ဆေးဝါးများ၊ သစ်စေးများ(Resins)၊ အလှဆင်အပင်များနှင့် တိရစ္ဆာန်အစာများအပါအဝင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းထုတ်ကုန်များသည် ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် နှစ်စဉ်အနည်းဆုံး အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၁ ဘီလီယံခန့် တန်ဖိုးရှိကြောင်း၊
- ကမ္ဘာတစ်ဝန်းရှိ လူဦးရေ နှစ်ဘီလီယံကျော်သည် ထင်းနှင့် မီးသွေးတို့ကို နေ့စဉ်ချက်ပြုတ်ရေးနှင့် အပူပေးရေးဆိုင်ရာ စွမ်းအင်အရင်းအမြစ်များအဖြစ် အသုံးပြုလျက်ရှိကြောင်းနှင့် သစ်အခြေပြုခေတ်မီလောင်စာတောင့်များကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် အပူစွမ်းအင်အသုံးချရေး စသည့် စက်မှုလုပ်ငန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိကြောင်း ဖော်ပြထားပါသည်။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ သစ်တောများကို ထိန်းသိမ်းစို့**

ယနေ့ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းအတွင်း သစ်တောကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးမှုသဘောတရားအခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ဇီဝစီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ စက်ဝိုင်းပုံစီးပွားရေးနှင့် အပြာရောင်စီးပွားရေး မော်ဒယ်များသည် သဘာဝအရင်းအမြစ်များကို အလွန်အကျွံ သုံးစွဲခြင်းမှ ရေရှည်တည်တံ့စွာ စီမံခန့်ခွဲအသုံးချနိုင်ရေးသို့ ပြောင်းလဲစေသော အဓိကမူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ ဖြစ်လာနေပါသည်။ ဤစနစ်များအားလုံး၏ အခြေခံတန်ဖိုးမှာ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ တန်ဖိုးမြှင့်အသုံးချခြင်းနှင့် မျိုးဆက်သစ်များအတွက် အရင်းအမြစ်များ ဆက်လက်ကျန်ရှိစေရန် အာမခံပေးခြင်းတို့ဖြစ်သည်။

သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေသည် ဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ သစ်တောများသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သောကြောင့် စီးပွားရေးတည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အနာဂတ်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုအဖြစ်သတ်မှတ်ကာ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ခေတ်မီနည်းစနစ်များ၊ တီထွင်ဆန်းသစ်မှုများဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ကာ သစ်တောသယံဇာတများထိန်းသိမ်းနိုင်ရန်၊ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သစ်တောထိန်းသိမ်းရေးနှင့် သစ်တောအခြေခံ ဖွံ့ဖြိုးတိုးတက်မှုများကို စနစ်တကျပေါင်းစပ်ဆောင်ရွက်နိုင်ပါက စီးပွားရေးတိုးတက်မှု၊ လူမှုဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို သဟဇာတမျှတစွာ တစ်ပြိုင်နက်တည်း အောင်မြင်နိုင်မည်ဖြစ်သည်။

တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် သဘာဝတောများကို ရေရှည်တည်တံ့စေရန် စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောကျဲပါးနေရာများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ခြင်း၊ သစ်တောနယ်မြေပြင်ပ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်း **"အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့"**ကို ဂုဏ်ပြုအပ်ပါသည်။ ။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ယာသုံးစက်ပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရေးစက်ရုံဖွင့်

ဘားအံ မတ် ၁၈

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် ရှိုင်းထူးကုမ္ပဏီ၏ ကူဘိုတာအမှတ်တံဆိပ် လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံစက်မှုဇုန်ရှိ အဆိုပါစက်ရုံတည်နေရာ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ကုမ္ပဏီတာဝန်ရှိသူများက မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ်သန်း ၅၉၀၀ ဖြင့် ကူဘူတာအမှတ်တံဆိပ် လက်တွန်းထွန်စက်(Power Tiller)များ၊ လယ်ယာသုံးစက်ပစ္စည်းများကို SKD စနစ်တပ်ဆင်ထုတ်လုပ်၍ မြန်မာတစ်နိုင်ငံလုံးသို့ ပို့ဆောင်ဖြန့်ချိမည့် ရှိုင်းထူးကုမ္ပဏီ၏ လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တက်ရောက်လာသူများနှင့်အတူ စက်ရုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ရုံဖွင့်ပွဲသို့ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး စက်ရုံအတွင်း Engine Assembly Line တွင် ကူဘိုတာအင်ဂျင်များ တပ်ဆင်ထုတ်လုပ်နေမှု၊ Power Tiller Assembly Line တွင် လက်တွန်းထွန်စက် Power Tiller များတပ်ဆင်ထုတ်လုပ်နေမှု၊ တပ်ဆင်ထုတ်လုပ်ပြီး လယ်ယာသုံးစက်ပစ္စည်းများ၊ Almega (စက်ရုပ်လက်)ဖြင့် လက်တွန်းထွန်စက်၏ တွဲဖက်ပစ္စည်းများ၊ လယ်ယာသုံးကိရိယာများ တပ်ဆင်ထုတ်လုပ်မှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး စက်ရုံတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်၏ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေး၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ယခုထုတ်လုပ်မည့် လက်တွန်းထွန်စက်သာမက ထွန်စက်ကြီးများအထိ တိုးတက်ထုတ်လုပ်၍ တောင်သူလယ်သမားများ အားကိုးအားထားပြုရသည့် ထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘားအံစက်မှုဇုန် ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ဘားအံစက်မှုဇုန်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်ရုံမန်နေဂျာ MR.APICHAI က စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ရှိုင်းထူးကုမ္ပဏီ၏ ကူဘိုတာအမှတ်တံဆိပ် လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ မန်နေးဂျင်းဒါရိုက်တာ ဦးမင်းမင်းခိုင်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကုမ္ပဏီတာဝန်ရှိသူများက ရှိုင်းထူးကုမ္ပဏီက တပ်ဆင်ထုတ်လုပ်သည့် လက်တွန်းထွန်စက်တစ်စီးကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံဖွင့်ပွဲသို့ တက်ရောက်လာသော လုပ်ငန်းရှင်များနှင့် ဒေသခံများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပြည်တွင်းဆီစက်ပိုင်ရှင်များအသင်း သင်္ကြန်အကြိုဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းထုတ်မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ရန်ကုန်မြို့တွင် နှစ်နေရာခွဲ၍ ဧပြီ ၁ ရက်မှ ၄ ရက်အထိ လေးရက်ကြာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှု အသင်းချုပ် ( UMFCCI ) ရုံးရှေ့နှင့် ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ရွှေအုန်းပင်အိမ်ရာရှေ့ (ရန်ကင်းဈေးမှတ်တိုင်အနီး )တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဝင် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီးများမှ ဆီစက်လုပ်ငန်းရှင် ၁၄ ဦးတို့က မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ (ဘူးခွံအပါအဝင် ) အနိမ့်ဆုံးဈေးနှုန်းဖြင့် လွတ်လပ်စွာရောင်းချပေးမည်ဖြစ်သည်။ ထို့ပြင် နှမ်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီတို့ကိုလည်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

ဆီကောင်းဆီသန့်များကို စားသုံးလိုသည့် ရန်ကုန်မြို့နေပြည်သူများအတွက် အသင့်ထည့်သွင်းထုပ်ပိုးထားသည့် ၂၅ ကျပ်သားပါ ဆီဘူးမှ ၁၀ ပိဿာဝင်ဘူးများဖြင့် အရွယ်အစားအစုံ ရောင်းချပေးမည်ဖြစ်ပြီး ပြင်ပဈေးကွက်တွင် မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ကျော်ဈေးရှိသည်။ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းသည် စားသုံးသူများ သက်သာချောင်ချိရေးကိုရှေးရှု၍ တစ်နှစ်လျှင် သုံးကြိမ် ဈေးရောင်းပွဲတော်ကို ပြုလုပ်လျက်ရှိသည်။ **မျိုးမင်းသူရ**



ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဂီတအစည်းအရုံး ရုံးခန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက်ပိုင်းက ရွှေဖားစည်အိမ်ရာ(၂)အခန်း၌ ပြုလုပ်ရာ ပြည်နယ်၊ မြို့နယ်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဆိုင်းဘုတ်များကို ကရင်ပြည်နယ် ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပတ်ဖျန်း၍ ဂီတအစည်းအရုံး ရုံးခန်းအား ဖွင့်လှစ်ပေးကြစဉ်။

ခရိုင်(ပြန်/ဆက်)

○ သမိုင်းတွင်သည့်မှ

ချန်ပီယံဆုအဆုံးအဖြတ်နှစ်ပွဲကို တောင်ကြီးကွင်းနှင့် YUSC ကွင်း၌ တစ်ချိန်တည်းယှဉ်ပြိုင်ကစားရာ ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ထို့ကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းကို တစ်မှတ်အသာရကာ ချန်ပီယံဆု ဆက်လက်ကာကွယ်နိုင်ခဲ့ပြီး အအောင်မြင်ဆုံးဂုဏ်ပုဒ် ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် MNL အမှတ်ပေးချန်ပီယံဆုကို ၂၀၁၇၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄-၂၀၂၅ နှင့် ယခု ၂၀၂၅-၂၀၂၆ ရာသီတို့တွင် ခုနစ်ကြိမ်မြောက်ရယူကာ အအောင်မြင်ဆုံးအသင်းအဖြစ် ဆက်လက်ရပ်တည်နေပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအဖြစ် ခြောက်ရာသီဆက် ချန်ပီယံဆုရယူနိုင်သည့် စံချိန်သစ်ပါ ပိုင်ဆိုင်ခဲ့သည်။

ရှမ်းပြည်နယ်ဂုဏ်ဆောင် ရှမ်းယူနိုက်တက်အသင်းသည် အအောင်မြင်ဆုံးဂုဏ်ပုဒ်ကို ဆက်ထိန်းနိုင်သည့်အပြင် စံချိန်ကောင်း၊ စံချိန်သစ်များလည်း ပိုင်ဆိုင်ခဲ့ပြီး ကမ္ဘာ့ဘောလုံးလောကတွင်ပါ ရရှိရန်ခက်ခဲသည့် လိဂ်ရှုံးပွဲမရှိစံချိန်ပွဲ ၁၀၀ ရာပြည့်စံချိန်ကို ဟံသာဝတီကို အနိုင်ရပြီး ပိုင်ဆိုင်ခဲ့သည်။ တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်ဖြင့်ပါ ချန်ပီယံဆုရယူပြီး သမိုင်းတွင်သည့် အောင်မြင်မှုတစ်ခုဖြစ်ခဲ့သည်။



ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဖြစ်ခဲ့သည့် ခုနစ်ကြိမ်တွင် တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ဖြင့် ဗိုလ်စွဲသည့်အကြိမ် ငါးကြိမ်အထိ ပါဝင်ခဲ့ပြီး ၂၀၁၉၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄-၂၀၂၅ ရာသီနှင့် ယခု ၂၀၂၅-၂၀၂၆ ရာသီတို့ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆုရရှိပြီး ငါးကြိမ်မြောက်နှင့် လေးရာသီဆက် တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဖြစ်သည့် မှတ်တမ်းကောင်းပါ ပိုင်ဆိုင်ခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုရခဲ့သည့် စအောင်ပြည့်ကို (ရှမ်းယူနိုက်တက်)အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ အဆင့် (၅)ရရှိသည့် ဟံသာဝတီယူနိုက်တက်အသင်းအား ဆုကြေးငွေကျပ်သိန်း ၂၀၀၊ ပထမဆုရရှိသည့် ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၀၀၀၊ တစ်ရာသီလုံး ရှုံးပွဲမရှိဘဲ ချန်ပီယံဖြစ်သည့်အတွက် ချီးမြှင့်သည့်ရွှေဖလား၊ ချန်ပီယံဆုဖလားတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းနှင့် ဥက္ကဋ္ဌဦးဇော်ဇော်တို့က ပေးအပ်ချီးမြှင့်ခဲ့သည်။(အပေါ်ပုံ)

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-စိုးညွန့်သော်**

## ဘားအံမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

ဘားအံ မတ် ၁၈

ဘားအံမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆)ဖွင့်ပွဲကို မတ် ၁၈ ရက် နံနက်ပိုင်းက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဘားအံခရိုင်မီးသတ်စခန်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်က ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလေ့ရှိသည့် ရေကြီးရေလျှံမှုများတွင် သန္ဓေတပ်ဖွဲ့ဝင်များနှင့်အတူ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်နိုင်စေရေးနှင့် အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးဖြစ်ပွားပါက ကရင်ပြည်နယ်မှ သန္ဓေ၊ အရန်ပူးပေါင်းအဖွဲ့များ သွားရောက် ကူညီနိုင်ရေးအတွက် သင်တန်းသားများအနေဖြင့် ယခုသင်တန်းတွင် သင်ယူခဲ့သည့် ရှာဖွေကယ်ဆယ်ရေး အတတ်ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာ အားထုတ်သွားကြစေလိုကြောင်း အမှာစကားပြောကြားသည်။



### ဖွင့်လှစ်

အဆိုပါသင်တန်းကို မတ် ၁၈ ရက်မှ ၃၁ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ ဘားအံမြို့ပေါ်ရှိ ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

